www.burmeseclassic.com

သားငယ်သမီးငယ်တို့အတွက်

# ကိုးကွယ်ရာအမှန်သရဏံ ပုံပြင်သရဏဂုံ



လင်းသက်ခိုင်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် ၃၂

သားငယ်သမီးငယ်တို့အတွက်

# ကိုးကွယ်ရာအမှန်သရဏံ ပုံပြသရဏဂုံ

လင်းသက်ခိုင်

ဖြန့်ချိရေး

အမှတ် ၁၃၈-၁၄၀၊ ပထမထပ်၊
မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁၂၅၀၆၇၊ ၀၉ ၇၃၁၄၀၉၃၆
Website : www.sarpaylawka 5.com
Email : splk5mm@gmail.com

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀) |
| ထုတ်ဝေခြင်း | ဇန်နဝါရီ၊ ၂၀၁၄ |
| တန်ဖိုး | ၁၃၀၀ ကျပ် |
| စီစဉ်သူ | နှင်းမြတ်သွယ် |
| အဖုံးနှင့်အတွင်းသရုပ်ဖော် | ကာတွန်း စိုးစံ |
| အဖုံးနှင့်အတွင်း | ကျော်ကျော် |
| ထုတ်ဝေသူ | ဒေါ်တင်ထွေးယဉ် (မြ ၀၃၇၆၆)၊<br>ကုဿာသယ စာပေတိုက်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ဦးမျိုးညွှန့် (ယ ၁၀၆၁၅)၊ စာပေလောကပုံနှိပ်တိုက်<br>အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်။ |

လင်းသက်နိုင်

သားငယ်သမီးငယ်တို့အတွက် ကိုးကွယ်ရာအမှန်သရဏံ ပုံပြသရဏဂုံ

Little Boy Publishing House - ရန်ကုန်။

၁၂၉ စာ၊ ၁၄ x ၁၂.၅ စင်တီ

သားငယ်သမီးငယ်တို့အတွက် ကိုးကွယ်ရာအမှန်သရဏံ ပုံပြသရဏဂုံ


## စာရေးသူအမှာ

မြတ်စွာဘုရားလက်ထက် တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင် စတင် ခံယူဆောက်တည်သော သရဏဂုံကား ဗုဒ္ဓ၊ ဓမ္မကို ကိုးကွယ်ဆည်းကပ်သော သရဏဂုံ နှစ်ပါးမျှသာ၊ သားတပည့် သံဃာဟု မရှိသေးသဖြင့် ထိုစဉ်က သံဃံသရဏံဂစ္ဆာမိ မဖြစ်သေး။ ထို့နောက်မှ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သရဏံဂစ္ဆာမိဟူ၍ ကိုးကွယ်ရာ ဆည်းကပ်ရာ သရဏဂုံသုံးပါးဖြစ်လာသည်။

ကိုးကွယ်ဆည်းကပ်ရာ၌ ယုံကြည်မှုသဒ္ဓါတရားသည် အလွန်အရေးပါလှ၏။ ဘေးဒုက္ခကို ပယ်ဖျက်စေ၍ ဒုက္ခအားလုံး ချုပ်ငြိမ်းရာ အမှန်သစ္စာ (၄) ပါးကို လမ်းညွှန် ပြသပေးသောကြောင့် ကိုးကွယ်ဆည်းကပ်ရ၏။

ကိုးကွယ်သည်ဆိုမှ အထူးအားကိုး၍ဖြစ်သည်။ ယုံကြည်မှုသည် ယုံမှလည်း ကြည်လင်ထင်ရှားစွာ မြင်နိုင်သည်။ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com

သည်ဆိုသည်က အမှန်အဖြစ် စိတ်ချစွာ မှတ်ယူသည်ကို ခေါ်သည်။ ယုံကြည်မှုခိုင်မြဲသဖြင့် ရှိသေစွာ ချဉ်းကပ်သည်၊ မှီခိုအားကိုး အားထားပြုမိသည်က ဆည်းကပ်ခြင်း၏ သဘော ဖြစ်သည်။

ထို့ကြောင့် ကိုးကွယ်ဆည်းကပ်မှုဟူသည် ယုံကြည်မှု သဒ္ဓါတရားကို အခြေခံ ပါသည်။ သရဏံ၏အဓိပ္ပာယ်က ကိုးကွယ်ရာ ဟု ဆိုသည်။ ဂမနက ယုံကြည်၊ သိမှတ် ဆည်းကပ်ခြင်းဖြစ်သည်။ ထို့အတွက် သရဏဂုံဆိုသည်ကား ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာမြတ်သုံးပါးသည် ဒုက္ခချုပ်ငြိမ်းရာ သစ္စာလမ်းအမှန်ကို ညွှန်ပြပေးနိုင်သဖြင့် အားထားကိုးကွယ်ရာအစစ်ဟူ၍ ယုံကြည်စွာ ဆည်းကပ်ခြင်းကို ခေါ်ဆို ပေသည်။

လေးစားစွာဖြင့်
လင်းသက်နိုင်

BURMESE CLASSIC



## မေး ၁

မြန်မာလူမျိုးနှင့် အခြားတိုင်းရင်းသားတို့သည် အဘယ်ဘာသာကို ကိုးကွယ်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၁

မြန်မာလူမျိုးအပြင် အခြားတိုင်းရင်းသားများကလည်း ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ်ကြပါသည်။





## မေး ၂

ဗုဒ္ဓဘာသာဝင်တစ်ဦးသည်
ဘယ်အရာကို ကိုးကွယ်ရသနည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၂

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃာရတနာဟူသော ရတနာသုံးပါးကို ကိုးကွယ်ရမည်။





## မေး ၃

ရတနာ (၃)ပါးကို အဘယ်ကြောင့်
ကိုးကွယ်ဆည်းကပ်ရသနည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃

သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက်စေတတ်၍ ဒုက္ခတရားအားလုံး၏ ချုပ်ရာငြိမ်းရာ လမ်းအမှန်သစ္စာ (၄) ပါး တရားကို ပြသပေးသောကြောင့် ကိုးကွယ် ဆည်းကပ်ပါသည်။



## မေး ၄

မည်သို့ ကျင့်ကြံနေထိုင်သူကို ဗုဒ္ဓဘာသာဝင်ဟု ခေါ် သနည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၄

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်စွာကိုးကွယ်၍ ကံ,ကံ၏ အကျိုးကို ယုံကြည်ပြီး ငါးပါးသီလမြဲသူအား ဗုဒ္ဓဘာသာဝင်ဟု ခေါ်ပါသည်။



## မေး ၅

ရတနာ (၃) ပါးကို ကိုးကွယ်ဆည်းကပ်သူအား ပါဠိတော်အရ ဘယ်လိုခေါ်သလဲ၊

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၅

ရတနာ (၃) ပါးကို ဆည်းကပ်သူကို အမြင်မှန်ရှိသူလို့လည်း ခေါ်တယ်။ ဥပါသကာလို့လည်း ခေါ်သည်။

ဥပါသကာ - ရတနာသုံးပါးကို ရှိသေဆည်းကပ်သော ယောက်ျား။

ဥပါသိကာ - ရတနာသုံးပါးကို ရှိသေဆည်းကပ်သော မိန်းမ။





## မေး ၆

ဘုရားရှင်ကို အဘယ်ကြောင့်
ဗုဒ္ဓဟုခေါ်ပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၆

တရားအားလုံးကို ကိုယ်တိုင်လည်း သိပြီးဖြစ်၍ အခြားသော လူ၊ နတ်၊ ဗြဟ္မာတွေကိုလည်းသိအောင် ဟောနိုင်သူမို့ ဗုဒ္ဓဟု ခေါ်ပါသည်။





## မေး ၇

ရတနာ (၃) ပါးနှင့်အတူ တစ်ဂိုဏ်းတည်းထား၍
ကိုးကွယ်ရမည့်အရာမှာ အဘယ်နည်း။

www.burmeseclassic.com

www.burmeseclassic.com





**အဖြေ ၇**

ရတနာ (၃) ပါးနှင့် ဆရာမိဘကို တစ်ဂိုဏ်းတည်းထား၍ ကိုးကွယ်ရမည်။



**မေး ၈**

အနန္တောအနန္တ (၅) ပါး ဆိုသည်ကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com





**အဖြေ ၈**

(၁) ဗုဒ္ဓဂုဏောအနန္တော

(၂) ဓမ္မဂုဏော အနန္တော

(၃) သံဃဂုဏောအနန္တော

(၄) မာတာပိတုဂုဏော အနန္တော

(၅) အာစရိယဂုဏော အနန္တောတို့ ဖြစ်သည်။



**မေး ၉**

## ဘုရားကို ရှိမခိုးခင် ဘာလုပ်ရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၉

ဘုရားကို ရှိသေလေးစားသည့် အစဉ်အလာကို ထိန်းသိမ်းခြင်းအနေဖြင့် နမော တဿကို အကျယ်ကြီး (၃) ခေါက်ရွတ် ဆိုရမည်။

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)၊



## မေး ၁၀

သရဏာဟု ဘာကြောင့် ခေါ်သနည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၁၀

ရတနာ(၃)ပါးကို ကိုးကွယ်ဆည်းကပ် သရဏဂုံတည်သူရဲ့ အပေါ်မှာ ကျရောက်လတ္တံ့သော ဘေးရန်တို့ကို ပယ်ဖျောက်၊ ဖျက်ဆီးနိုင်သောကြောင့် ရတနာမြတ် (၃) ပါးသည် 'သရဏ' မည်၏။

ဗုဒ္ဓံ မြတ်စွာဘုရားကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

ဓမ္မံ တရားတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

သံဃံ သံဃာတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။



## မေး ၁၁

သရဏ ဂမနဟူသည်ကား အဘယ်သို့နည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၁၁

သရဏ ဂမန (သရဏ ကိုးကွယ်ရာဟူ၍ ဂမန ယုံကြည် သိမှတ်၊ ဆည်းကပ်ခြင်း) သရဏဂမနမှ သရဏဂုံဖြစ်လာသည်။



## မေး ၁၂

သရဏဂုံတည်သူဆိုသည်မှာ အဘယ်နည်း။

www.burmeseclassic.com

www.burmeseclassic.com





**အဖြေ ၁၂**

ကုသိုလ်စိတ်ဖြင့် ရတနာမြတ် (၃) ပါးကို ကိုးကွယ်ဆည်းကပ် သူကို သရဏဂုံ တည်သူဟု ခေါ်သည်။



**မေး ၁၃**

သရဏဂုံ ဆောက်တည်နည်းကို ပြောပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၁၃

ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဘုရားကို ကိုးကွယ်ပါ၏။
ဓမ္မံသရဏံဂစ္ဆာမိ၊ တရားကို ကိုးကွယ်ပါ၏။
သံဃံသရဏံဂစ္ဆာမိ၊ သံဃာကို ကိုးကွယ်ပါ၏။



## မေး ၁၄

သရဏဂုံကို မည်သူ့ထံမှာ
ဆောက်တည်၍ရပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၁၄

အိမ်ရှိ ဘုရားဆင်းတု၊ အနီးနားရှိ စေတီ၊ ပုထိုး၊ ရဟန်းတစ်ပါးပါးထံမှာဖြစ်စေ၊ မိမိတစ်ဦးတည်းဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ ယုံကြည်စွာခံယူလျှင် သရဏဂုံ မရမရှိ ရနိုင်ပေသည်။





## မေး ၁၅

သရဏဂုံတည်ရာ အချိန်ကာလကို ပြောပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၁၅

(၁) ကြိမ်မျှ ဆောက်တည်ထားရုံ သရဏဂုံစိတ်မစွန့်သမျှ ဗုဒ္ဓဘာသာမှ အခြားဘာဝသို့ မပြောင်းသမျှ အသက်ရှင်နေသမျှ သရဏဂုံတည်ပါသည်။





## မေး ၁၆

သရဏဂုံ ဘယ်နှစ်မျိုးရှိသနည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၁၆

(၂) မျိုးရှိသည်။ လောကီသရဏဂုံ၊ လောကုတ္တရာ သရဏဂုံ။

လောကီသရဏဂုံ - ရတနာ (၃) ပါး၏ဂုဏ်ကို အာရုံပြု၍ ဆောက်တည်သော ပုထုဇဉ်တို့ သရဏဂုံ။

လောကုတ္တရာသရဏဂုံ - အရိယာတို့၏ မဂ်၏ခဏ၌ နိဗ္ဗာန်ကို အာရုံပြု၍ ရောက်သော သရဏဂုံဖြစ်သည်။



## မေး ၁၇

သရဏဂုံအစ (၂) ပါးက အဘယ်နည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၁၇

သံဃာရယ်လို့မြတ်စွာဘုရားအနောက်မှ မပေါ်မီအချိန်က တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်သည် မြတ်စွာဘုရားရှေ့မှောက်ဝယ် ပထမဦးဆုံး သရဏဂုံ (၂) ပါးကို ခံယူဆောက်တည်သူများဖြစ်သည်။ (ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ)။



## မေး ၁၈

သရဏဂုံ ဘယ်နှစ်မျိုးရှိသနည်း။ (၃) မျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၁၈

ဘုရား၊ တရား၊ သံဃာ ဤ (၃)ဖြာကိုပင် အမြဲမပြတ် အောက်မေ့ကိုးကွယ် လေးစား အပ်သောကြောင့် သရဏဂုံ (၃)ပါးဟု ခေါ်သည်။

ဗုဒ္ဓံသရဏံဂစ္ဆာမိ - ဘုရားကို ယုံကြည်ဆည်းကပ်ပါ၏။
ဓမ္မံသရဏံဂစ္ဆာမိ - တရားကို ကျင့်ပါ၏။
သံဃံသရဏံဂစ္ဆာမိ - သံဃာကို ယုံကြည်ဆည်းကပ်ပါ၏။





## မေး ၁၉

သရဏဂုံ ဆောက်တည်နည်း
ဘယ်နှစ်မျိုးရှိသနည်း။

www.burmeseclassic.com

www.burmeseclassic.com





**အဖြေ ၁၉**

(၄)မျိုးရှိသည်။

- မိမိကိုယ်ကို ရတနာ (၃) ပါးအား ယုံကြည်စိတ်ဖြင့် အပ်နှင်းသော သရဏဂုံ။
- ရတနာ (၃) ပါးသာလျှင် ကိုးကွယ်လဲလျောင်းရာဟု ခံယူခြင်း သရဏဂုံ။
- ရတနာသုံးပါး၏ တပည့်အဖြစ်သို့ ကပ်ရောက်ခြင်း သရဏဂုံ။
- ရတနာ (၃) ပါး၌ အလွန်အမင်းရိုသေလေးမြတ်စွာ ရှိခိုးခြင်း သရဏဂုံ။



**မေး ၂၀**

သရဏဂုံပျက်ကြောင်း
အင်္ဂါ (၂) ပါးကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၂၀

မိစ္ဆာဒိဋ္ဌိအယူရှိသော ဘုရားကို ဘုရားမှန်၊ အာသာမှန်ဟု မိစ္ဆာဉာဏ်ဖြင့် ဝေဖန်ပြီး ကိုးကွယ်မှုကို ပြုသောအခါ ရှိရင်းစွဲ မူရင်းသရဏဂုံပျက်၍ အပါယ်လားနိုင်ပါသည်။ သရဏဂုံဆောက်တည်ပြီး သေသွားသူသေလျှင်သရဏဂုံကားပျက်၏။ အပြစ်မရှိ ကောင်းကျိုးချမ်းသာရနိုင်၏။





## မေး ၂၀

သရဏဂုံ ပျက်သောရှိခိုးခြင်းနှင့်
မပျက်သောရှိခိုးခြင်းကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၂၁

- ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း။
- ကြောက်သဖြင့် ရှိခိုးခြင်း။
- ဆရာဖြစ်၍ ရှိခိုးခြင်း။
- မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်၍ ရှိခိုးခြင်းတို့ဖြစ်သည်။



## မေး ၂၂

သရဏဂုံညစ်နွမ်းကြောင်း
တရားများဆိုသည်ကို ရှင်းပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၂၂

သရဏဂုံခံယူဆောက်တည်ရာတွင် မိမိသန္တာန်မှာ သရဏဂုံ ညစ်နွမ်းကြောင်းတရားများရှိနေလျှင် သရဏဂုံဆောက်တည်သော်လည်း သရဏဂုံမမြောက်ပါ၊ မတည်ပါ။





## မေး ၂၃

လောကုတ္တရာသရဏဂုံ
ညစ်နွမ်းမှုမရှိသည်ကို ရှင်းပြပါ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၂၃

မသိခြင်း၊ ယုံမှားသံသယဖြစ်ခြင်း၊ အယူမှားခြင်း၊ ရတနာမြတ်သုံးပါးအား မရိုမသေပြုခြင်း အားလုံးကို အကုန်အစင် ပယ်ပြီးသောကြောင့် ညစ်နွမ်းမှုမရှိ အမြဲ စင်ကြယ်သန့်ရှင်းသည်။





## မေး ၂၄

လောကီသရဏဂုံ ညစ်နွမ်းသည်ကို ရှင်းပါ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၂၄

(၁) ရတနာမြတ် (၃) ပါး၏ ဂုဏ်တော်များကို ကောင်းမွန်စွာ ကိုးကွယ်ရမှန်း မသိခြင်း။
(၂) ရတနာမြတ် (၃) ပါးသည် အစစ်အမှန်ဟုတ်ရဲ့လားဟု ယုံမှားသံသယဖြစ်ခြင်း။
(၃) ရတနာမြတ် (၃) ပါး၌ အရဟံဂုဏ်တော်ကို ဂုဏ်တော်မဟုတ်ဟုမြင်ခြင်း၊ ရတနာ (၃) ပါး ကိုးကွယ် ဆည်းကပ်မှုသည် အလကားပါဟု အယူမှားခြင်း။
(၄) ရတနာမြတ် (၃) ပါးတို့အား မရိုမသေပြုခြင်း အစရှိသော ဤတရားများကြောင့် သရဏဂုံညစ်နွမ်းသည်။





## မေး ၂၅

ရတနာမြတ်သုံးပါးအား
မည်သို့ မရိုမသေပြုကြသနည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၂၅

(၁) ကိုယ်ဖြင့် မရိုမသေပြုခြင်း၊

(၂) နှုတ်ဖြင့် မရိုမသေပြုခြင်း၊

(၃) စိတ်ဖြင့် မရိုမသေပြုခြင်းဟူ၍ ရှိသည်။



## မေး ၂၆

ကိုယ်ဖြင့် မရိုမသေပြုခြင်းဟူသည်မှာ
အဘယ်နည်း။

www.burmeseclassic.com

www.burmeseclassic.com





**အဖြေ ၂၆**

ဘုရားရှင်တို့၏ ဓာတ်တော်၊ ဆံတော်၊ အံတော်၊ ဆင်းတုတော်တို့အားလည်းကောင်း၊ ထိုထိုဓာတ်တော်၊ ဆင်းတုတော်တို့၏ တည်ရာ စေတီရင်ပြင်တို့၌လည်းကောင်း၊ မရိုမသေသွား ခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ အညစ်အကြေး စွန့်ခြင်း စသည်တို့သည် ဘုရားရှင်အား မရိုမသေပြုပုံနှင့် တူ၏။



**မေး ၂၇**

တရားတော်၌ ကိုယ်ဖြင့်
မရိုမသေပြုခြင်းကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၂၇

တရားနာသွားသောအခါ ကိုယ်ကို မရိုမသေပြုခြင်း၊ မသင့်တော်သော ဣရိယာပုဒ်ကို ပြုခြင်း၊ နာခြင်း၊ နေခြင်း၊ မြင့်သောနေရာမှနေ၍ ဖိနပ်စီး၍ တရားနာခြင်းတို့သည် တရားတော်အား မရိုမသေပြုပုံနှင့်တူ၏။





## မေး ၂၀

သံဃာတော်၌ ကိုယ်ဖြင့်
မရိုမသေပြုခြင်းကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၂၈

ရဟန်းသံဃာများနှင့် ခန္ဓာချင်းထိ၍လည်းကောင်း၊ နေရာယူခြင်း၊ တန်းတူ ထိုင်ခြင်း၊ ကျောင်းဝန်းအတွင်း၌ ဖိနပ် စီးခြင်း၊ ထီး၊ ဦးထုပ်ဆောင်းခြင်း၊ အညစ် အကြေး စွန့်ခြင်း စသော အမှုတို့သည် သံဃာတော်၌ ကိုယ်ဖြင့် မရိုမသေပြု ပုံနှင့်တူသည်။



## မေး ၂၉

ဘုရားရှင်အား နှုတ်ဖြင့်
မရိုမသေပြုပုံကို ရှင်းပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၂၉

ဘုရားရှင်၏ ခေတ်တော်၊ ဆံတော်၊ ဆင်းတုတော်တို့အား ကဲ့ရဲ့ခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းတို့သည် ဘုရားရှင်အား နှုတ်ဖြင့် မရိုမသေပြုပုံဖြစ်သည်။



## မေး ၃၀

တရားတော်၌ နှုတ်ဖြင့်
မရိုမသေပြုပုံကိုရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃၀

တရားတော်တို့၌ ကျေးဇူးမဲ့ ကဲ့ရဲ့စကား၊ ရှန်းရင်းကြမ်းတမ်းသောစကား၊ သိမ်ဖျင်းသော စကားပြောခြင်းသည် တရားတော်၌ နှုတ်ဖြင့် မရိုမသေပြုခြင်းဖြစ်သည်။



## မေး ၃၀

သံဃာတော်၌ နှုတ်နှင့်
မရိုမသေပြုခြင်းကို ရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃၁

သံဃာတော်အား ကျေးဇူးမဲ့စကား၊ ရုန်းရင်းကြမ်းတမ်းသော စကား၊ သိမ်ဖျင်းသော စကားများပြောလာခြင်းသည် သံဃာတော်တို့အား နှုတ်ဖြင့် မရိုမသေပြုရာ ရောက်ပါသည်။



## မေး ၃၂

ဘုရားရှင်၌ စိတ်ဖြင့်
မရိုမသေပြုခြင်းကို ရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃၂

ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်ကို မသိခြင်း၊ ဘုရား ဟုတ်၏,မဟုတ်၏ ဟု ယုံမှားသံသယဖြစ်ခြင်း၊ ဘုရားမဟုတ်ဟုယူခြင်း၊ ဒေါသဖြင့် ပြစ်မှားခြင်းတို့သည် ဘုရားရှင်အား စိတ်ဖြင့် မရိုမသေပြုပုံဖြစ်သည်။



## မေး ၃၃

တရားတော်၌ စိတ်ဖြင့်
မရိုမသေပြုခြင်းကို ရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၃၃

တရားတော်၏ ဂုဏ်တော်များ ကျေးဇူးတော်ကိုမသိခြင်း၊ တရားဟုတ်၏လော၊ မဟုတ်၏လောဟု ယုံမှားသံသယဖြစ်ခြင်း၊ တရားမဟုတ်ဟု ယူခြင်း၊ ဒေါသဖြင့် ပြစ်မှားခြင်းတို့သည် တရားတော်အား စိတ်ဖြင့် မရှိမသေပြုခြင်းဖြစ်သည်။





## မေး ၃၄

သံဃာတော်၌ စိတ်ဖြင့်
မရှိမသေပြုခြင်းကို ရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com




## အဖြေ ၃၄

သံဃာတော် ဂုဏ်တော်များ၊ ကျေးဇူးတော်များကို မသိခြင်း၊ သံဃာ ဟုတ်၏လော၊ မဟုတ်၏လောဟု ယုံမှားခြင်း၊ သံဃာမဟုတ်ဟုယူခြင်း၊ ဒေါသဖြင့် ပြစ်မှားခြင်းတို့သည် သံဃာတော်၌ စိတ်ဖြင့် မရိုမသေပြုပုံဖြစ်သည်။



## မေး ၃၅

ရတနာ (၃) ပါးအား အဂါရဝဖြစ်ခဲ့လျှင် မည်သို့ဖြေဖျောက် သင့်သနည်း။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃၅

ရတနာ (၃) ပါးအား ကိုယ်၊ နှုတ်၊ စိတ်ဖြင့် မရိုမသေပြုမိသော အဂါရဝ တရားများကို သရဏဂုံတည်သော သူတော်ကောင်းသည် မပြုလုပ်အပ် အမှတ်မဲ့ ပြုမိ၊ ပြောမိ၊ ပြစ်မှားမိပါက စောစီးလျင်မြန်စွာ ကန်တော့တောင်းပန်ရပါမည်။



## မေး ၃၆

သရဏဂုံ ညစ်နွမ်းသောအခါ
ကန်တော့တောင်းပန်ပုံကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃၆

'ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား တပည့်တော်သည် နောင်တစ်ဖန် ဤသို့သော သရဏဂုံညစ်နွမ်းကြောင်း မကောင်းမှု ကို မပြုတော့ပါဘုရား' ဟု သုံးကြိမ်ဆိုရပါမည်။



## မေး ၃၇

ပျက်တတ်သော သရဏဂုံဆိုသည်ကို ရှင်းပြပါ။



www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၃၇

သဒ္ဓါ၊ ပညာဖြင့် သီးခြားခံယူဆောက်တည်ထားသော်လည်း အမြဲတမ်း တည်ပြီဟု စိတ်မချရပေ။ ရတနာ (၃) ပါးအား မကိုးကွယ်သောအခါ၊ အယူဝါဒပြောင်းသောအခါ၊ သေလွန်သောအခါ သရဏဂုံပျက်ပါသည်။ အကုသိုလ်တရားကို အပြတ်မရှင်းထားသဖြင့် ညစ်နွမ်းနိုင်သည်။ ဤသည်ကို ပျက်တတ်သော လောကီသရဏဂုံဟု ခေါ်ပါသည်။





## မေး ၃၈

ပျက်တတ်သော သရဏဂုံဆိုသည်ကို ရှင်းပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃၈

အရိယာတို့သည် သရဏဂုံစိတ် ညစ်နွမ်းစေသော အကုသိုလ်များကို ပယ်ရှင်းထားပြီဖြစ်၍ ညစ်နွမ်းမှုမရှိ၊ အရိယာပုဂ္ဂိုလ်တို့အား မဂ်ခဏာ၌တည်၏။ သီးခြားခံယူဆောက်တည်ဖွယ် မလို တည်သောအချိန်မှစ၍ မပျက်မပျောက်၊ ဘဝတစ်ပါး ပြောင်းသွားသည့်အခါ၌ပင် ပျက်ခြင်း၊ ပျောက်ခြင်းမရှိ။ ထို့ကြောင့် ၎င်းကို မပျက်တတ်သော သရဏဂုံဟုခေါ်ပါသည်။



## မေး ၃၉

လောကီသရဏဂုံ၏ အပြစ်ရှိသော ပျက်စီးခြင်းကို ရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၃၉

ရတနာ (၃) ပါးမှ တစ်ပါး အခြားအယူဝါဒဘာသာခြား၊ တိတ္ထိစသော ဆရာများကို ဆည်းကပ်ကိုးကွယ်လျှင် သရဏဂုံပျက်၏။ ဒိဋ္ဌိ အစရှိသော အကုသိုလ် အဖြစ်တို့နှင့်အတူ ဖြစ်သောကြောင့် မကောင်းသော ဆင်းရဲဒုက္ခအကျိုးကို ပေး၏။ ဤသည်ကား အပြစ်ရှိသော ပျက်စီးခြင်းဖြစ်၏။



## မေး ၄၀

အပြစ်မရှိသော ပျက်စီးခြင်းကို ရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၄၀

သေလွန်သောသူသည် ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် ကုသိုလ်စိတ်လည်း မရှိတော့သောကြောင့် လောကီသရဏဂုံ ပျက်စီး၏။ သရဏဂုံပျက်စီးရုံဖြစ်၍ အကုသိုလ်မဟုတ်သောကြောင့် အပြစ်မရှိ။ ဤသည်ကို အပြစ်မရှိသော ပျက်စီးခြင်း ဟုခေါ်သည်။



## မေး ၄၁

အလောင်းကို သရဏဂုံတင်လျှင် သေသူရသလော။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၄၁

သေသူသည် ဘာမျှမသိတော့၍ (စိတ်မရှိတော့သဖြင့်) သရဏဂုံပျက်သွားလေပြီ။ ထိုအလောင်းကို သရဏဂုံတင်သော်လည်း ရသည်မဟုတ်။ သို့သော်လည်း ရနိုင်သော (သရဲ၊ တစ္ဆေ၊ မြေဖုတ်၊ မှင်စာ၊ အစိမ်း၊ နတ်စိမ်း၊ နတ်ဘီလူး) စသော ပြိတ္တာ အကြီးစားဘဝရောက်၍ သတိရနေလျှင် သရဏဂုံရပါစေ၊ ယူနိုင်ပါစေဟု သတိပေးသောအားဖြင့် တင်ကြခြင်းဖြစ်သည်။



## မေး ၄၂

အလောင်းကို သရဏဂုံတင်လျှင် ကျွန်ရစ်သူများ ရသလော။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၄၂

သေဆုံးသူများကို ရည်စူး၍ အမျှဝေသော်လည်း ရနိုင်ကရမည်၊ ယူနိုင်ကယူမည်၊ သေသူအဖို့ ရယူနိုင်သော ဘဝမဟုတ်သဖြင့် မရနိုင်စေကာမူ ထိုကုသိုလ် အမျှကို ကျန်ရစ်နေသူများကား သရဏဂုံကို မလွဲမသွေရနိုင်ကြလေသည်။ ထို့ပြင် အနီးအပါးရှိ ရှေးက သေလွန်သွားသူများ ရနိုင်လေသည်။



## မေး ၄၃

သရဏဂုံ တည်ခြင်း၏
အကျိုးတရားများကို ရှင်းပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၄၃

ရခဲသော ရတနာမြတ် (၃) ပါးကို ကိုးကွယ်အားထားရာဟူ၍ ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ရသဖြင့် သရဏဂုံတည်ခြင်း၌ အကျိုးကြီးလှပေသည်။

ကောင်းသော သုဂတိဘဝသို့ ရောက်သည်။ စည်းစိမ်နှင့် ပြည့်စုံသည်၊ နတ်ပြည်ရောက်သည်၊ နတ်ဖြစ်တဲ့အခါမှာလည်း သရဏဂုံတည်တဲ့နတ်က သရဏဂုံမတည်တဲ့နတ်ထက် အသက်ရှည်၊ အဆင်းလှ၊ ချမ်းသာ၊ အခြွေအရံများ၊ အစိုးရခြင်းတို့ရှိသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံငါးပါးတို့လည်း အခြားနတ်များထက် သာလွန်ပါသည်။





## မေး ၄၄

သရဏဂုံတည်မြဲခြင်း၏
အခြားကျေးဇူးများကို ဖော်ပြပါ၊

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၄၄

(၁) အများအပူဇော်ခံရခြင်း၊
(၂) ဉာဏ်ထက်မြက်ခြင်း၊
(၃) အလိုပြည့်စေခြင်း၊
(၄) အများကြည်ညိုခြင်း၊
(၅) မိတ်ဆွေများချစ်ခင်ခြင်း၊
(၆) ရွှေအဆင်းကဲ့သို့ရှိခြင်း၊
(၇) ကျော်စောခြင်း၊
(၈) မယှဉ်နိုင်သော စည်းစိမ်နှင့်ပြည့်စုံခြင်း၊

စသော အကျိုးကျေးဇူးများကို ခံစားရပါသည်။





## မေး ၄၅

နတ်ကိုးကွယ်လျှင် သရဏဂုံ ပျက်စီးပါသလား။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၄၅

ဘုရား၊ တရား၊ သံဃာကို မပစ်ပယ်ဘဲ လာဘ်လာဘရွှင်စေလို၍ နတ်ကိုပူဇော်ပသခြင်း၊ နတ်ဖမ်းစားမည်ကို စိုးရိမ်၍ ရှိုးရာတင်မြှောက်ခြင်းတို့သည် သရဏဂုံ မပျက်ပေ။ သို့သော် ဘုရားကိုပစ်ပယ်ပြီး တခြားသော ဘာသာအယူဝါဒ စသည် အားဖြင့် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါမူ သရဏဂုံပျက်လေသည်။



## မေး ၄၆

ဗုဒ္ဓဘာသာဝင်တစ်ဦးသည်
အဘယ်အရာတို့ကို ယုံကြည်ရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၄၆

ဗုဒ္ဓဘာသာဝင်သည် ဘုရား၊ တရား၊ သံဃာ၊ ကံ,ကံ၏အကျိုး၊ အကြောင်းနှင့် အကျိုးဆက်သွယ်ဖြစ်မှု (ပဋိစ္စသမုပ္ပါဒ်)၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ စသည် တို့ကို ယုံကြည်ရမည်။





## မေး ၇၄

ကံ,ကံ၏အကျိုးကို ရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၄၇

ကောင်းကံ၊ ဆိုးကံ၊ ကုသိုလ် အကုသိုလ်၊ လောက၌ မည်သူမဆို ကောင်းတာလုပ်လျှင် ကောင်းကျိုးကို ခံစားရ၏။ မကောင်းတာလုပ်လျှင် မကောင်းကျိုးကို ခံစားရ၏။ မိမိပြုလုပ်သောကံသည် မိမိ၏ကိုယ်ပိုင်ဥစ္စာမည်၍ မိမိပြုသမျှ ဆိုးမွေကောင်းမွေကို ခံယူရပေမည်။ ဤသို့ ယုံကြည်လက်ခံခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဟုခေါ်သည်။ ဗုဒ္ဓဘာသာဝင်သည် ဤသို့လက်ခံ ယုံကြည်နေပါက အမှန်ကို လက်ခံယုံကြည်ခြင်း ဖြစ်၍ အယူဝါဒမပျက်စီးတည်နေသည် မည်၏။



## မေး ၄၈

အယူဝါဒအမှန်ကို ပျက်စီးစေသော
အယူဝါဒအများကို ရှင်းပြပါ။

www.burmeseclassic.com



## အဖြေ ၄၈

လောက၌ ဖန်ဆင်းရှင်ရှိ၏၊ ရေမြေတောတောင်၊ စကြဝဠာ၊ သမုဒ္ဒရာနှင့် သတ္တဝါတို့အား ဖန်ဆင်းရှင်က ဖန်ဆင်း၏ဟု မှားယွင်းစွာ အယူစွဲမြဲကြသည်။ လောက၌ ကုသိုလ်၊ အကုသိုလ်မရှိ၊ အကြောင်းကံမရှိ၊ အကျိုးကံမရှိ အကြောင်း အကျိုး ကံ (၂) မျိုးစလုံးကို ပယ်သဖြင့် အယူမှားလေလျှင် အယူမှန်ဝါဒ (သမ္မာဒိဋ္ဌိ) ပျက်စီးလေတော့သည်။





## မေး ၄၉

ရုပ်ပွားဆင်းတုပူဇော်ရသည့်အကျိုးကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com





## အဖြေ ၄၉

"မိမိ၏စိတ်သည် ရုပ်ပွားတော်၊ ဆင်းတုတော်အား သက်တော်ထင်ရှားမြတ်စွာဘုရားနှင့် အညီအမျှထားနိုင်သည်ရှိသော် ဘုရားစင်စစ်ကို ပူဇော်ရသကဲ့သို့ အကျိုးတရား အတူတူပင် ရနိုင်ပါသည်။



## မေး ၅၀

ဘုရားဂုဏ်တော် (၉) ပါးကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## အဖြေ ၅၀

အရပ် - လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်ထူးကို ခံထိုက်သော မြတ်စွာဘုရား၊





| | |
|---|---|
| သမ္မာသမ္ဗုဒ္ဓ | - သိစရာမှန်သမျှ တရားတို့ကို ကိုယ်တော်တိုင် သိတော် မူသော မြတ်စွာဘုရား၊ |
| ဝိဇ္ဇာစရဏသမ္ပန္န | - ဝိဇ္ဇာ (၃) ပါး၊ ဝိဇ္ဇာ (၈)ပါး၊ စရဏ (၁၅) ပါးနှင့် ပြည့်စုံ သော မြတ်စွာဘုရား၊ |
| သုဂတ | - ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ |
| လောကဝိဒူ | - သတ္တ၊ သင်္ခါရ၊ ဩကာသလောကတည်းဟူသော လောက (၃) ပါးကို သိတော်မူသော မြတ်စွာဘုရား၊ |
| အနုတ္တရောပုရိသ | - မယဉ်ကျေးသော လူ၊ နတ်၊ တိရစ္ဆာန်တို့ကို၊ |
| ဓမ္မသာရထိ | - အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူသော မြတ်စွာ ဘုရား၊ |
| သတ္တာဒေဝမနုဿာနံ | - ပစ္စုပ္ပန်၊ တမလွန် (၂) တန်ကောင်းကျိုးကို ဆိုဆုံးမတော်မူသော မြတ်စွာဘုရား၊ |

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓေါ - သစ္စာ (၄) ပါးကို ပိုင်းခြား၍ သိမြင်တော်မူသော မြတ်စွာဘုရား၊

ဘဂဝါ - ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊



## မေး ၅၁

တရားဂုဏ်တော် (၆)ပါးကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com









**အဖြေ ၅၁**

| | | |
|---|---|---|
| သွာက္ခာတဂုဏ်တော် | - | စလယ်ဆုံး(၃) ပါးလုံး ကောင်းစွာ ဟောကြားသော တရားတော်မြတ်ပါပေတည်း။ |
| သန္ဒိဋ္ဌိကဂုဏ်တော် | - | မျက်မှောက်ထင်ထင် တွေ့မြင်အပ်သည့် တရားတော်မြတ်ပါပေတည်း။ |
| အကာလိကဂုဏ်တော် | - | အကာလိကော အခါမလပ် အကျိုးပေးတတ်သော တရားတော်မြတ်ပါပေတည်း။ |
| ဧဟိပဿိကဂုဏ်တော် | - | လာရှုစမ်းပါ၊ ကျင့်စမ်းပါဟု ရဲရဲဖိတ်ခေါ်အပ်သော တရားတော်မြတ်ပါပေတည်း။ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ဩပနေယျိကဂုဏ်တော် | - | မိမိ၏ စိတ်အစဉ်၌ အာရုံပြုသောအားဖြင့် မရောက်ရောက်အောင် ကပ်ဆောင် ထိုက်သော တရားတော်ပါပေတည်း။ |
| ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် | - | သစ္စာသိမြင်ပညာရှင်တို့ ပါရမီအလိုက် သိထိုက် ခံစားအပ်သော တရားတော်မြတ်ပါပေတည်း။ |



## မေး ၅၂

သံဃာဂုဏ်တော် (၉) ပါးကို ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com







## အဖြေ ၅၂

| | | |
|---|---|---|
| သုပ္ပဋိပန္နဂုဏ်တော် | - | မြတ်စွာဘုရား၏ တပည့်သားသံဃာတော်မြတ်တို့သည် ကောင်းမြတ်သောအကျင့်ကို ကောင်းစွာကျင့်၏။ |
| ဥဇုပ္ပဋိပန္နဂုဏ်တော် | - | မဇ္ဈိမပဋိပဒါ အကျင့်မှန်ကို ဖြောင့်မှန်စွာ ကျင့်တော်မူပါပေ၏။ |
| ဉာယပ္ပဋိပန္နဂုဏ်တော် | - | နိဗ္ဗာန်သို့ မျက်မှောက်ပြုရေး အလေးပေးကာ ကျင့်တော်မူပါပေ၏။ |
| သာမိစိပ္ပဋိပန္နဂုဏ်တော် | - | လောကုတ္တရာတရားနှင့်အညီ ကျင့်ခြင်း၊ |
| အာဟုနေယျဂုဏ်တော် | - | အဝေးကဆောင်ယူလာသည့် ပစ္စည်းကိုပင် ခံယူထိုက်ခြင်း၊ |
| ပါဟုနေယျဂုဏ်တော် | - | ဧည့်သည်အတွက် စီမံထားသောပစ္စည်းကို အလှူခံထိုက်ခြင်း၊ |

www.burmeseclassic.com

| | | |
|---|---|---|
| ဒက္ခိဏေယျဂုဏ်တော် | - | ကောင်းမွန်မြင့်မြတ်သော အလှူကို ခံယူထိုက်ခြင်း၊ |
| အဉ္ဇလိကရဏီယျဂုဏ်တော် | - | လက်အုပ်ချီရှိခိုးခြင်းကို ခံယူထိုက်ခြင်း။ |
| အနုတ္တရံပုညက္ခေတ္တံလောကဿဂုဏ်တော် | - | ဒါနမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်း ပမာဖြစ်ခြင်း။ |



www.burmeseclassic.com



## မေး ၅၃

## ဘုရားဂုဏ်တော်ကို စွဲမြဲစွာဆင်ခြင်သော် ရမည့်အကျိုး ကျေးဇူးများ။

www.burmeseclassic.com









## အဖြေ ၁၃

(၁) မြတ်စွာဘုရားအပေါ် ကိုင်းညွတ်သောစိတ် အမြဲရှိခြင်း၊

(၂) ယုံကြည်မှု လေးနက်လာခြင်း၊

(၃) သတိ ပို၍ကောင်းလာခြင်း၊

(၄) ပညာဉာဏ် ထက်မြက်လာခြင်း၊

(၅) ကောင်းမှု တိုးပွားလာခြင်း၊

(၆) စိတ်ညစ်မှုကင်း၍ နှစ်သက်ကြည်နူးစွာနေရခြင်း၊

(၇) ကြောက်ရွံ့ဖွယ် ကြုံသော်လည်း မကြောက်မလန့် စိတ်တည်တံ့ခြင်း၊

(၈) မတော်တဆ ဆင်းရဲဒုက္ခတွေ့လျှင် သည်းခံနိုင်ခြင်း၊

(၉) မြတ်စွာဘုရားနှင့်အတူ နေရသကဲ့သို့ စိတ်တွင်ထင် မှတ်လျက်ရှိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၁၀) ဗုဒ္ဓါနုဿတိ ဘာဝနာကြောင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါး၏ ပူဇော်မှုကို ကောင်းစွာခံယူနိုင်ခြင်း၊

(၁၁) မကောင်းမှုပြုလုပ်ရန် ပက်ပင်းကြုံလာသောအခါ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းနိုင်ခြင်း၊

(၁၂) သေလျှင် အပါယ်လေးပါးကင်း၍ လူ့ပြည်၊ နတ်ပြည် ကောင်းမြတ်သော သုဂတိဘုံမှ သုဂတိဘဝကို ရရှိခြင်း၊

စသော ကောင်းကျိုးများကိုလည်း ခံစားရလေသည်။







## သရဏဂုံ ဆောက်တည်တဲ့ တိသရဏ ဂမနိယထေရ်

ဝိပဿီဘုရားလက်ထက် ဗန္ဓုမတီမြို့၌ မျက်မမြင်မိဘ နှစ်ပါးကို လုပ်ကျွေး နေသော တိသရဏဂမနိယထေရ်၏ အလောင်း လျာလုလင်ရှိ၏။ ထိုကာလ လူ့သက်တမ်း ကား အနှစ်တစ်သိန်း ရှည်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတိဿရဏဂမနိယထေရ် အလောင်းလုလင်သည် သရဏဂုံဆောက်တည်၍ အနှစ်တစ်သိန်းကာလပတ်လုံး မညှိုးနွမ်းမပျက်စီးအောင် စောင့်ထိန်းရာ သေလွန်သောအခါ ထိုကောင်းမှုဖြင့် တာဝတိံသာတွင် နတ်သားဖြစ်၏။

ထိုသရဏဂုံ ကောင်းမှုကြောင့် တိဿရဏဂမနိယထေရ် အလောင်းနတ်သားသည် အပူဇော်ခံရခြင်း၊ နတ်တို့၏ အလိုလိုက်ခံရခြင်း၊ မယှဉ်နိုင်သော စည်းစိမ်ရခြင်း၊ ရွှေအဆင်းကဲ့သို့ရှိခြင်း၊ အဆွေခင်ပွန်းတို့ မနှောင့်ယှက်နိုင်ခြင်း၊ သတင်းကျော်စောခြင်း၊ အကြိမ် (၈၀) သိကြားမင်း၊ (၇၅) ကြိမ် စကြဝတေးမင်းဖြစ်ခြင်း၊ မရေမတွက်









နိုင်အောင် ပဒေသရာဇ်မင်းဖြစ်ခြင်း စသည့် ကောင်းကျိုးတို့ကြောင့် ဂေါတမဘုရား ပွင့်ထွန်းတော်မူသောအခါ သာဝတ္ထိပြည်၌ ချမ်းသာသောအမျိုး၌ လူဖြစ်၏။

(၇) နှစ်အရွယ် တိဿရဏဂမနိယထေရ် အလောင်းသူ ငယ်လေးသည်ကစားနေစဉ် ရဟန္တာတစ်ပါးက တရားဟော၍ သရဏဂုံဆောက်တည်စေ၏။ သူငယ်လေးသည် ရှေးဘဝကစောင့် ထိန်းခဲ့ဖူးသော သရဏဂုံကိုအောက်မေ့၍ ဝိပဿနာကို ကြိုးစားအားထုတ်သောအခါ တစ်ထိုင်တည်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်သွား၏။

(၇) နှစ်သားအရွယ်မှာပင် ဘုရားရှင်က ရဟန်းပြုပေး၍ 'ရဟန္တာသခင် တိဿရဏဂမနိယထေရ်အရှင်' ဟုသာ သာသနာတော်တွင် ထင်ရှားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## ဘီလူးအဆွဲခံရသော လူငယ်လေး

ရှေးအခါကာလက ရာဇဂြိုဟ်မြို့ကြီးမှာ သမ္မာဒိဋ္ဌိအယူရှိသူ၏သားနှင့် မိစ္ဆာဒိဋ္ဌိ အယူရှိသူ၏ သားသူငယ်ချင်းနှစ်ယောက်တို့သည် ခုံညင်းဒိုးပစ်တမ်း ကစားကြလေသည်။ ထိုသို့ ခုံညင်းဒိုးပစ်တမ်းကစားရာ၌ သမ္မာဒိဋ္ဌိအယူရှိသူ လူငယ်လေးသည် ခုံညင်း ပစ်ခါနီးတိုင်း ပါးစပ်ကနေ 'နမောဗုဒ္ဓဿ' ဟု အကျယ်ကြီး





အော်ဆို၍ ခုံညင်းပစ်လေသည်။ ပစ်တိုင်းလည်း အမြဲတမ်း အနိုင်ရလေသည်။ ဤသို့ ကြိမ်ဖန်များလတ်သော အခါ မိစ္ဆာဒိဋ္ဌိအယူရှိသူ လူငယ်လေးက ဤသူသည် 'နမောဗုဒ္ဓဿ' ဆို၍ ခုံညင်းပစ်တိုင်း အမြဲတမ်းနိုင်သည်ဟု စိတ်၌မှတ်သား၍ သူကလည်း ထို 'နမောဗုဒ္ဓဿ' ကို ရအောင်လေ့ကျင့်ထားလေသည်။

တစ်နေ့သောအခါ မိစ္ဆာဒိဋ္ဌိအယူရှိသူ၏ဖခင်သည် တောထဲဝင်၍ ထင်းခုတ်သွားရာ သားငယ်ကိုပါ ခေါ်သွား၏။ ထင်းခုတ်ပြီးနောက် သားအဖနှစ်ယောက်တို့ ပြန်လာကာမြို့ပြင်သုသာန်အနီးဝယ် ရေမိုးကောင်းသဖြင့် လှည်းဖြုတ်ကာ ထမင်းစား အနားယူ အပန်းဖြေလေသည်။ သို့နှင့် ညနေတိုင်သောအခါ ဖြေလွှတ်ထားသော နွားတို့သည် မြို့တွင်းဝင်သည့်နွားများနှင့်အတူ ရောဝင်လိုက်ပါသွားကြ၏။

ဖခင်ဖြစ်သူသည် နွားပျောက်ရှာရင်း သူ့နွားများသည် မြို့တွင်းသို့ ရောပါဝင်ရောက်သွားသည်ဟု သတင်းရ၍ မြို့တွင်းဝင်ကာ သွားရောက်ရှာဖွေပြီး နွားများကို ဆွဲယူ၍ ပြန်လာရာ မြို့တံခါးပိတ်သည့်အချိန် ဖြစ်နေသောကြောင့် မြို့ပြင်သို့ ထွက်ခွင့် မရတော့ပေ။

ဖခင် ပြန်မလာသဖြင့် မြို့ပြင်မှာကျန်ရစ်ခဲ့သော သားငယ်သည် ည၌အမှောင်ရောက်လာသောအခါ တစ်ယောက်တည်း သုသာန်အနီးဝယ်ရပ်ထားသော သူတို့၏ လှည်းအောက်သို့ ဝင်ရောက်အိပ်ပျော်သွားလေသည်။

သို့နှင့် ညဉ့်နက်သန်းခေါင်အချိန်သို့တိုင်သောအခါ အစာရှာထွက်လာသော ဘီလူး နှစ်ဦးတို့သည် သုသာန်အနီးရှိ လှည်းအောက်တွင် အိပ်ပျော်နေသောလူငယ်ကို တွေ့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သမ္မာဒိဋ္ဌိအယူရှိသော ဘီလူးက သတိပေး၍ တားမြစ်သော်လည်း မိစ္ဆာဒိဋ္ဌိအယူရှိသော ဘီလူးသည် ထိုလူငယ်လေးအိပ်နေရာ လှည်းအနီးသို့သွား၍ သူငယ်လေး၏ ခြေအစုံကို ဆွဲလေသည်။ ထိုအခါ လူငယ်လေးသည် သူငယ်ချင်းရွှတ်ဆိုမှုကို အားကျ၍ လေ့ကျင့်ထားသော 'နမောဗုဒ္ဓဿ' ကို ယောင်ယမ်းရွတ်ဆိုလေရာ၊ မိစ္ဆာဒိဋ္ဌိဘီလူးသည် ကိုင်ထားသော လက်ကိုလန့်ဖျပ်စွာဖြင့် လွှတ်ချလိုက် ရသည်။

မိစ္ဆာဒိဋ္ဌိဘီလူးကို သမ္မာဒိဋ္ဌိဘီလူးက ငါရှိပါလျက် သင်သည် မပြုထိုက်သော အလုပ်ကိုပြု၏။ ထို့အတွက် သင်ရော ကျွန်ုပ်ပါ ထိုအပြစ်အတွက် ဒဏ်ဆောင်ရတော့







မည်ဟုဆိုကာ ဘီလူးနှစ်ဦးလုံးသည် ထိုလူငယ်ကို စောင့်ရှောက်ရတော့သည်။ လန့်၍ နိုးလာသော သူငယ်လေးသည် ထမင်းမစားရသေးသည်ကိုသိသဖြင့် မိစ္ဆာဒိဋ္ဌိ ဘီလူး ကိုယ်တိုင် မြို့တွင်းဝင်ကာ ရှင်ဘုရင်စားဖို့ဆောင်မှ ရှင်ဘုရင်စားသောရွှေခွက်ဖြင့် ထမင်းဟင်းအပြည့် ထည့်ယူလာကာ မိဘနှစ်ပါးယောင်ဆောင်၍ သူငယ်ကို ကျွေးရ၏။

နံနက်ရောက်သောအခါ မင်းကြီးသည် ရွှေခွက်ပျောက်သဖြင့် မြို့တံခါးပိတ်ပြီး ရှာလေရာ မြို့ပြင်သုသာန်အနီး ထင်းလှည်းပေါ်မှာ ရွှေခွက်ကိုတွေ့သည်။ ထိုအခါ ရွှေခွက်ကိုပြန်ယူ၍ ထိုသူငယ်လေးအား ဖမ်းဆီးလေသည်။

ဘုရင်မင်းကြီးက သူငယ်လေးကို စစ်မေးသောအခါ မိဘနှစ်ပါးလာကျွေးသဖြင့် စားရပါသည်ဟု သူငယ်လေးက ဖြေဆိုသော်လည်း မိဘနှစ်ပါးကမူ မနေ့ကညက သူတို့မြို့တွင်းမှာ ရှိနေကြောင်း သက်သေပြနိုင်ကြသည်။

ထိုအခါ မင်းကြီးလည်း ကြံမရဘဲ အံ့ဩလွန်းသဖြင့် ထို ထင်းခုတ်သားအမိသားအဖသုံးယောက်လုံးကို ခေါ်၍ မြတ်စွာဘုရားထံသွားရောက်၍ အကြောင်းစုံကို မေးမြန်းလျှောက်ထားလေတော့သည်။

"ဗုဒ္ဓါနုဿတိ (ဘုရားကိုသတိရခြင်း) သည် အကာအကွယ်အစောင့်အရှောက်ဖြစ်ပါသလား အရှင်ဘုရား"ဟု မင်းကြီးက ဘုရားရှင်အား မေးမြန်း လျှောက်ထားသောအခါ ဘုရားရှင်က . . .

"တကာတော်မင်းကြီး . . . ဗုဒ္ဓါနုဿတိသာလျှင် အစောင့်အရှောက်ဖြစ်နိုင်သည်မဟုတ်၊ လူ့ခန္ဓာကိုယ်တွင် ခြောက်ဌာနလုံခြုံအောင် စိတ်ကို ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com





ပွားများအပ်သောသူတို့အား အခြားသော အကာအကွယ်မန္တန်ဆေးဝါး ဆောင် စရာ မလိုတော့ပြီ" ဟု မိန့်ကြားတော်မူလေသည်။

မှတ်ချက် - 'ဗုဒ္ဓံသရဏံ ဂစ္ဆာမိ' ဟု တိုက်ရိုက်မဆိုသော်လည်း 'နမောဗုဒ္ဓဿ' ဟု ရွတ်ဆိုခြင်းသည်ပင် ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသဘောသို့ သက်ရောက်သွားလေသည် မှတ်ယူရပါမည်။





ဥပါသကာ ဂုဏ်ရည်

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မြတ်နိုးစွာ ကိုးကွယ်ဆည်းကပ်သော လူယောကျ်ားပုဂ္ဂိုလ်အား 'ဥပါသကာ'ဟု ခေါ်၍ အမျိုးသမီးဖြစ်လျှင် 'ဥပါသိကာ' ဟု ခေါ်ဆိုသည်။

ထိုဥပါသကာ၊ ဥပါသိကာတို့သည် မိမိ၏ အသက်ခန္ဓာကိုပင် မငဲ့ကွက်ဘဲ ရတနာမြတ်သုံးပါးအား ရှိသေမြတ်နိုးစွာ ကိုးကွယ်ဆည်းကပ်လေသည်။ ထို့ကြောင့် သူတို့သည် ဗုဒ္ဓဘာသာဝင် သူတော်စင်အဖြစ် သတ်မှတ်ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဥပါသကာတို့ရှောင်ရန် (၅)ချက်

ဥပါသကာအဖြစ်ခံယူပြီးသော ဗုဒ္ဓဘာသာဝင်သည် အောက်ပါတို့ကို ရှောင် ကြဉ်ရလေသည်။

(၁) လက်နက်ရောင်းဝယ်ခြင်း၊

(၂) လူအရောင်းဝယ်ပြုခြင်း (ကျွန်ရောင်း၊ ကျွန်ဝယ်၊ ပြည့်တန်ဆာ ရောင်းဝယ်ခြင်း)

(၃) ကြက်၊ ဝက်၊ အမဲသား၊ ငါးရောင်းဝယ်ခြင်း၊

(၄) အရက်နှင့် မူးယစ်ဆေးဝါးအမျိုးမျိုး ရောင်းဝယ်ခြင်း၊

(၅) လူကို သေစေတတ်သည့် အဆိပ်ရောင်းဝယ်ခြင်းတို့ဖြစ်သည်။



## ဥပါသကာ အရည်အချင်း (၅)ပါး



www.burmeseclassic.com

www.burmeseclassic.com





(၁) သရဏဂုံတည်သူ၊
(၂) ငါးပါးသီလလုံခြုံသူ၊
(၃) သဒ္ဓါတရား ပြည့်စုံသူ၊
(၄) စွန့်ကြဲမှု (စာဂ) နှင့် ပြည့်စုံသူ၊
(၅) အသိဉာဏ်နှင့် ပြည့်စုံသူ၊

ထိုအရည်အချင်းများသည် ဥပါသကာ၏ အရည်အချင်းများဖြစ်သည်။





## ဥပါသကာ၏ ဂုဏ်ရည် (၁၀)ပါး

(၁) ဘုရားရှင်၏ တပည့်သားသံဃာများနှင့် အေးအတူပူအမျှ ဆင်းရဲချမ်းသာကို ဝေမျှခံစားခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၂) ဗုဒ္ဓ၏တရားတော်ကိုသာ အလေးဂရုပြုခြင်း (အခြား သာသနာပအယူဝါဒ များကို လုံးဝဂရုမပြုခြင်း)

(၃) မိမိရှိသမျှ ပစ္စည်းဥစ္စာကို မျှတစွာ ခွဲခြမ်းသုံးစွဲလှူဒါန်းတတ်ခြင်း၊

(၄) ဘုရားသာသနာ ပျက်စီးမည့်အရေး တွေ့မြင်ပါက သာသနာတော်ကြီးပွားရာ ကြီးပွားကြောင်းကိုသာ မနေမနား ကြိုးစားအားထုတ်ခြင်း၊

(၅) အယူဖြောင့်မှန်ပြီး လူပြိန်းတို့လက်ခံသည့် အထူးအဆန်း မင်္ဂလာကို ယုံကြည်မှုမရှိသည့်အပြင် မိမိအသက်ကို ပမာနမထားဘဲ မိမိကိုးကွယ်ရာဆရာ (ဘုရား)မှ အခြားအယူပျက်သော တိတ္ထိဆရာများကို မိမိ၏ဆရာအဖြစ် ဘယ် တော့မျှ မရည်ညွှန်းခြင်း၊

(၆) ကာယကံ၊ ဝစီကံကို စောင့်ထိန်းခြင်း၊

(၇) အတူနေ ပုဂ္ဂိုလ်များနှင့် သင့်တင့်ညီညွတ်စွာ နေထိုင်တတ်၍ အချင်းချင်း အပေါ် ပြူစုမှုကင်းပြီး သာသနာတော်ကို ခုတုံးလုပ်၍ ဟန်ဆောင်ပလွှား ဝါကြွားမှု မပြုခြင်း၊





(၈) ဘုရားရတနာကို ကိုးကွယ်ဆည်းကပ်ခြင်း၊

(၉) တရားရတနာကို ကိုးကွယ်ဆည်းကပ်ခြင်း၊

(၁၀) သံဃာရတနာကို ကိုးကွယ်ဆည်းကပ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| ၁၄။ | အုံအားသင့်စရာမွေးနေ့လက်ဆောင် | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၅။ | အုံဩစရာကြီးပါလား | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၆။ | ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို အလှဒီဇိုင်းအပွင့်ပုံဖော်ဖန်တီးနည်း | အတတ်ပညာ | နှင်းမြတ်သွယ် | ၂၀၀၀ |
| ၁၇။ | ဖုန်းရွေ့အဆောင်လာဘ်ကောင်လေးများ + (ကဒ်ဗူး) | လောကီရေးရာ | စန္ဒီ (Artist) | ၃၅၀၀ |
| ၁၈။ | ယဉ်ကျေးလိမ္မာပုံပြကဗျာ | ကလေးစာပေ | Little Boy Publishing | ၁၀၀၀ |
| ၁၉။ | အလှူဒါနပြုကြသူတွေ ရေစက်ချလို့အမျှဝေ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၀။ | ဘဝခြားသူသို့ရည်စူး၍ အလှူဒါန ပြုလုပ်နည်း | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၁။ | ကံထပ်၊ ရဟန်းခံ၊ ရှင်ပြု လှူဒါန်းခြင်းကုသိုလ်မင်္ဂလာ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၂။ | ဒါနအမျိုးမျိုး သိကောင်းစရာအဖြာဖြာ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၃။ | ရင်သွေးများအတွက် အနာဂတ်သာသနာပျိုးခင်း | ဘာသာရေး | အရှင်ကုဝေရသာရ | ၆၀၀ |
| ၂၄။ | ဆရာတော်ကြီးများ၏အို၊ နာ၊ သေဘေး ဓမ္မလက်ဘာရအဆုံးအမများ | ဘာသာရေး | လင်းသက်ခိုင် | ၂၅၀ |
| ၂၅။ | ဝိတ်ချသွယ်လျအစိမ်းရောင်ဖျော်ရည်များ | ကျန်းမာရေး | စန္ဒီ (Artist) | ၂၅၀၀ |

www.burmeseclassic.com

www.burmeseclassic.com

## စာပေလောက ၅ ညီနောင်စာပေတိုက်မှ ထုတ်ဝေသော စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ တွမ်ရဲ့အမြီး | ကလေးစာပေ | ခင်မောင်တိုး(မိုးမိတ်) | ၈၀၀ |
| ၂။ ဆာနေတဲ့ဟယ်ရီ | ကလေးစာပေ | ခင်မောင်တိုး(မိုးမိတ်) | ၈၀၀ |
| ၃။ မအိပ်ချင်ပါဘူး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၄။ ပြုံးချိုငမန်း | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၅။ မေမေဘယ်မှာလဲ | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၆။ အိပ်လို့မရတဲ့ ဒိုတီလေး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၇။ စားနေဝါးနေတဲ့ခူကောင်လေး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၈။ ဝက်ဝံကြီးတွေလုပ်နိုင်တယ် | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၉။ ညအိပ်ပျော်ပွဲ | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၁၀။ ဗိုင်နီဆောသည်းထိပ်ရင်ဖို | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၁၁။ ငါတို့ဘာလုပ်ကြရပ်ါ | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၂။ ဒီဟာငါပိုင်တဲ့အရာ | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၃။ အော်သံပျောက်တဲ့ ကြောင်ကလေး | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |

www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၂၆။ လုပ်ငန်းသုံး Facebook Page တည်ဆောက်အသုံးပြုနည်း | အတတ်ပညာ | မင်းမြတ်မိုးယံ | ၂၅၀၀ |
| ၂၇။ ၂၄ ပစ္စည်းမဟာပဋ္ဌာန်းဒေသနာတော် ပါဠိအသံထွက် ရွတ်ဖတ်နည်း (ဒုတိယအကြိမ်) | ဘာသာရေး | နှင်းမြတ်သွယ် | ၃၀၀ |
| ၂၈။ လက်မှုအနုပညာ အမှတ် (၁) | အတတ်ပညာ | ကလောင်စုံ | ၂၅၀၀ |
| ၂၉။ ပျိုမေတို့အတွက် လက်သည်းလှလှ | အလှအပရေးရာ | - | ၂၅၀၀ |
| ၃၀။ လက်သည်းတွေပေါ်ရေးတဲ့ပန်းချီကားများ | အလှအပရေးရာ | စန္ဒီ (Artist) | ၂၅၀၀ |
| ၃၁။ သားငယ်သမီးငယ်တို့အတွက် ပုံပြင်ဩကာသ | ဘာသာရေး | လင်းသက်ခိုင် | ၁၂၀၀ |
| ၃၂။ ဆံဖျားမှခြေဖျားအလှပြုပြင်ထိန်းသိမ်းနည်းများ | အလှအပရေးရာ | စန္ဒီ (Artist) | ၂၈၀၀ |
| ၃၃။ သားငယ်သမီးငယ်တို့အတွက် ဗုဒ္ဓဘာသာသိသင့်ရာ | ဘာသာရေး | လင်းသက်ခိုင် | ၁၀၀၀ |
| ၃၄။ ခရစ်စတယ်ဖန်ပုတီး အလှဆင်ပစ္စည်းများ | အတတ်ပညာ | စန္ဒီ (Artist) | ၂၃၀၀ |
| ၃၅။ သားငယ်သမီးငယ်တို့အတွက် ငရဲကြီး ၈ထပ်နှင့် ၃၁ ဘုံ | ဘာသာရေး | လင်းသက်ခိုင် | ၁၃၀၀ |
| ၃၅။ ပုတီးစေ့သီခြယ် ကြိုးထိုးအိပ်လေးများ | အတတ်ပညာ | စန္ဒီ (Artist) | ၂၅၀၀ |

www.burmeseclassic.com